ပြည်ထောင်စုမြန်မာနိုင်ငံတော်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ

**THE UNION OF MYANMAR**

**THE STATE PEACE AND DEVELOPMENT COUNCIL**

# မြေသြဇာဥပဒေ

# FERTILIZER LAW

၁၃၆၄ ခုနှစ်၊ တော်သလင်းလပြည့်ကျော်၊ (၁၀) ရက်

(၂၀၀၂ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်)

1st October 2002

# မြေသြဇာဥပဒေ

# FERTILIZER LAW

## ပြည်ထောင်စုမြန်မာနိုင်ငံတော်

## နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ

# မြေသြဇာ ဥပဒေ

**(နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥပဒေ အမှတ် ၇/၂၀၀၂)**

၁၃၆၄ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၀ ရက်

(၂၀၀၂ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီသည် အောက်ပါ ဥပဒေကို ပြဋ္ဌာန်း လိုက်သည်။

## အခန်း (၁)

## အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို မြေသြဇာဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင် ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ် သက်ရောက်စေရမည် -

(က) **မြေသြဇာ** ဆိုသည်မှာ သစ်သီးဝလံ၊ ပန်းမန်၊ သီးနှံနှင့် အပင်များ ရှင်သန်ကြီးထွားရေးအတွက် မြေဆီလွှာတွင် ဓာတုဆိုင်ရာ ပြောင်းလဲမှု ဖြစ်စေရန် သို့မဟုတ် အခြားနည်းလမ်းတစ်ခုခုဖြင့် အာဟာရဓါတ် ရရှိစေရန် ထောက်ပံ့ပေးနိုင်သော ပစ္စည်းပါဝင်သည့် ဓာတ်မြေသြဇာ၊ ဇီဝမြေသြဇာနှင့် သဘာဝမြေသြဇာတို့ကို ဆိုသည်။ ယင်းစကားရပ်တွင် စိုက်ပျိုးသူတစ်ဦးဦးက မိမိ၏ကိုယ်ပိုင်စိုက်ပျိုးရေး လုပ်ငန်းတွင် သုံးစွဲရန် ပြုလုပ်သည့် သဘာဝ မြေသြဇာမပါဝင်။



## The Union of Myanmar

## The State Peace and Development Council

# The Fertilizer Law

**( The State Peace and Development Council Law No. 7/2002 )**

**The 10th Waning Day of Tawthalin 1364 M.E**

**( 1st October, 2002 )**

The State Peace and Development Council hereby enacts the following Law:-

## CHAPTER I

## Title and Definition

1. This Law shall be called the Fertilizer Law.

2. The following expressions contained in this Law shall have the meanings given hereunder:-

(a) **Fertilizer** means chemical fertilizer, bio-fertilizer or natural fertilizer which consists of the material that can assist to cause chemical change in the soil or by other means for plant nutrition for the growth of fruits, flowers, crops and plants. The said expression does not include any natural fertilizer made by any grower for use in his own farm;

(ခ) **ဓာတ်မြေဩဇာ** ဆိုသည်မှာ သဘာဝအရ ပြုလုပ်ဖွဲ့စည်းမှု မဟုတ်ဘဲ ဓာတုပစ္စည်းများဖြင့် တစ်နည်းနည်း ပြုပြင်စီမံထားသည့် မြေဩဇာကို ဆိုသည်။ ယင်းစကားရပ်တွင် တွင်းထွက် သို့မဟုတ် စက်ရုံမှ ထုတ်လုပ်သည့် အော်ဂဲနစ်နှင့် အင်အော်ဂဲနစ် ဓာတ်မြေဩဇာတို့လည်း ပါဝင်သည်။

(ဂ) **ဇီဝမြေဩဇာ** ဆိုသည်မှာ အပင်များ ရှင်သန်ကြီးထွားရေးအတွက် အကျိုးပြုသက်ရှိများဖြစ်သည့် ဘက်တီးရီးယား၊ မှို စသည်တို့ဖြင့် ပွားများထုတ်လုပ်သည့် မြေဩဇာကို ဆိုသည်။

(ဃ) **သဘာဝမြေဩဇာ** ဆိုသည်မှာ သက်ရှိသတ္တဝါနှင့် အပင်တို့၏ ရုပ်ကြွင်းများ၊ စွန့်ပစ်ပစ္စည်းများနှင့် ဘေးထွက်ပစ္စည်းများကို လည်းကောင်း၊ ယင်းတို့ကို ဆွေးမြည့်စေပြီး ပြုပြင်စီမံ၍ ရရှိသော ပစ္စည်းများကိုလည်းကောင်း ဆိုသည်။

(င) **စံချိန်စံညွှန်း** ဆိုသည်မှာ မြေဩဇာတွင်ပါဝင်ရမည့် အပင် အာဟာရဓာတ် သို့မဟုတ် အခြားလိုအပ်သော ပစ္စည်းများ၏အချိုးအစား၊ အရည်အသွေးတို့နှင့် စပ်လျဉ်း၍မြေဩဇာကော်မတီက စံအဖြစ် သတ်မှတ်ပေးချက်ကို ဆိုသည်။

(စ) **အဆိပ်ရှိပစ္စည်း** ဆိုသည်မှာ သက်ရှိသတ္တဝါ သို့မဟုတ် အပင်ကို အန္တရာယ်ဖြစ်စေသည့် သို့မဟုတ် အဆိပ်သင့်စေသည့် ဓာတု ပစ္စည်း တစ်မျိုးမျိုးကို ဆိုသည်။

(ဆ) **အရည်အသွေး အာမခံချက်** ဆိုသည်မှာ မြေဩဇာ ထုတ်လုပ်သူက စံချိန်စံညွှန်းနှင့် ကိုက်ညီမှုရှိကြောင်း အာမခံချက် ကို လည်းကောင်း၊ ပြည်တွင်းသို့ တင်သွင်းသူ သို့မဟုတ် ပြည်ပသို့ တင်ပို့သူက ပြည်ပနှင့် ချုပ်ဆိုသည့် သဘောတူစာချုပ်ပါ စံချိန်စံညွှန်းနှင့် ကိုက်ညီမှုရှိကြောင်း အာမခံချက်ကို လည်းကောင်း ဆိုသည်။



(b) **Chemical fertilizer** means the fertilizer prepared with chemicals by using any means and not being naturally made or composed. The said expression also includes mineral fertilizer or organic and inorganic chemical fertilizer produced by a factory;

(c) **Bio-fertilizer** means the fertilizer produced by multiplying beneficial organisms such as bacteria, fungi, etc. for the growth of plants;

(d) **Natural fertilizer** means the remains, wastes or by - products of fauna and flora, obtained and prepared by decomposing thereof;

(e) **Specifications** mean prescribed standards by the Fertilizer Committee in plant nutrients ratio or quality of other necessary materials to be included in fertilizer;

(f) **Toxic substance** means any chemical which is hazardous or poisonous to living animal or plant;

(g) **Quality assurance** means the warranty of the fertilizer producer for consistency with specifications and warranty of importer or exporter for consistency with specifications contained in agreement executed with foreign counterpart;

(ဇ) **အမှတ်တံဆိပ်** ဆိုသည်မှာ မြေသြဇာထုပ်ပိုး သို့မဟုတ် ထည့်သွင်းထားသည့် ပစ္စည်းပေါ်တွင် ကပ်ထားသော သို့မဟုတ် ချိတ်ဆွဲထားသော ပုံနှိပ်ထားသည့် အမှတ်အသားကို ဆိုသည်။

(ဈ) **မြေသြဇာလုပ်ငန်း** ဆိုသည်မှာ မြေသြဇာကို စီးပွားရေး အလို့ငှာ ထုတ်လုပ်ခြင်း၊ ပေါင်းစပ်ခြင်း၊ ရောနှောခြင်း၊ ပြန်လည်ထုပ်ပိုးခြင်း၊ သိုလှောင်ခြင်း၊ ဖြန့်ဖြူးရောင်းချခြင်း၊ ပြည်တွင်းသို့ တင်သွင်းခြင်းနှင့် ပြည်ပသို့ တင်ပို့ခြင်းလုပ်ငန်းများကို ဆိုသည်။

(ည) **သိုလှောင်ခြင်း** ဆိုသည်မှာ မြေသြဇာ ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းလုပ်ကိုင်ရန်အလို့ငှာ သိုလှောင်ခြင်းကို ဆိုသည်။

(ဋ) **ဖြန့်ဖြူးရောင်းချခြင်း** ဆိုသည်မှာ လိုင်စင်လျှောက်ထား ရယူရန်အလို့ငှာ မြေသြဇာကော်မတီက သတ်မှတ်သော အလေးချိန်၊ ပမာဏထက် ကျော်လွန်သည့် မြေသြဇာ ဖြန့်ဖြူးရောင်းချခြင်းကို ဆိုသည်။

(ဌ) **မှတ်ပုံတင်လက်မှတ်** ဆိုသည်မှာ မြေသြဇာကို စီးပွားရေး အလို့ငှာ ထုတ်လုပ်ခြင်း၊ ပြည်တွင်းသို့ တင်သွင်းခြင်း သို့မဟုတ် ပြည်ပသို့ တင်ပို့ခြင်းလုပ်ငန်းကို လုပ်ကိုင်ခွင့်ပြုကြောင်း ဤဥပဒေအရ ထုတ်ပေးသော ခွင့်ပြုချက်ကို ဆိုသည်။

(ဍ) **လိုင်စင်** ဆိုသည်မှာ မြေသြဇာကို စီးပွားရေးအလို့ငှာ ပေါင်းစပ်ခြင်း၊ ရောနှောခြင်း၊ ပြန်လည်ထုပ်ပိုးခြင်း၊ သိုလှောင်ခြင်း သို့မဟုတ် ဖြန့်ဖြူးရောင်းချခြင်း လုပ်ငန်းကို လုပ်ကိုင်ခွင့်ပြုကြောင်း ဤဥပဒေအရ ထုတ်ပေးသော ခွင့်ပြုချက်ကို ဆိုသည်။

(ဎ) **မန်နေဂျာ** ဆိုသည်မှာ ပြည်နယ်၊ တိုင်း၊ ခရိုင်နှင့် မြို့နယ်အသီးသီးတွင် တာဝန်ထမ်းဆောင်သည့် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း၏ တာဝန်ခံကို ဆိုသည်။

(ဏ) **စစ်ဆေးရေးမှူး** ဆိုသည်မှာ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းက စစ်ဆေးရေးမှူးအဖြစ် ဤဥပဒေပုဒ်မ ၂၂ အရ တာဝန်ပေးအပ်ခြင်း ခံရသည့် ပုဂ္ဂိုလ်ကိုဆိုသည်။



(h) **Label** means printed mark which is affixed or attached to the package or bag of the fertilizer;

(i) **Fertilizer business** means the business of producing, compounding, mixing, repackaging, storing, distributing, importing and exporting of fertilizer for commercial purpose;

(j) **Storage** means storing the fertilizer to carry out the business of distribution and sale;

(k) **Distribution and sale** means the distribution and sale in excess of the weight and volume of fertilizer prescribed by the Fertilizer Committee to obtain the licence;

(l) **Registration certificate** means a permit issued under this Law for permitting fertilizer production. importing or exporting for commercial purpose;

(m) **Licence** means a permit issued under this Law permitting compounding, mixing, repackaging, storing or distribution and sale of fertilizer for commercial purpose;

(n) **Manager** means person in charge of the Myanma Agriculture Service serving at the different States, Divisions, Districts and Townships;

(o) **Inspector** means a person assigned duty by Myanma Agriculture Service as an inspector under section 22 of this Law;

(တ) **ဝန်ကြီး** ဆိုသည်မှာ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးကို ဆိုသည်။

(ထ) **ဝန်ကြီးဌာန** ဆိုသည်မှာ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်း ဝန်ကြီးဌာနကို ဆိုသည်။

## အခန်း (၂)

## ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်း ဖြစ်သည် -

(က) နိုင်ငံတော်၏ အခြေခံစီးပွားရေးဖြစ်သော လယ်ယာကဏ္ဍဖွံ့ဖြိုး တိုးတက်ရေးကို အထောက်အကူဖြစ်စေရန်၊

(ခ) မြေသြဇာလုပ်ငန်းများကို စနစ်တကျ ကွပ်ကဲထိန်းသိမ်းနိုင်ရန်၊

(ဂ) အရည်အသွေး ပြည့်ဝပြီး စံချိန်စံညွှန်း ပြည့်မီသော မြေသြဇာကို စိုက်ပျိုးသူများ သုံးစွဲနိုင်ရန်၊

(ဃ) သင့်လျော်သော မြေသြဇာကို သုံးစွဲခြင်းဖြင့် မြေဆီလွှာ ထိန်းသိမ်းရေးနှင့် ပတ်ဝန်းကျင် ထိန်းသိမ်းရေးကို အထောက်အကူပြုနိုင်ရန်၊

(င) မြေသြဇာကို စိုက်ပျိုးသူများ စနစ်တကျ သုံးစွဲနိုင်ရေးအတွက် ပညာပေး လုပ်ငန်းနှင့် သုတေသနလုပ်ငန်းများကို ကျယ်ကျယ် ပြန့်ပြန့် ဆောင်ရွက်နိုင်ရန်၊

(စ) မြေသြဇာလုပ်ငန်းနှင့် စပ်လျဉ်း၍ အစိုးရဌာန၊ အဖွဲ့အစည်းများ၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ ပြည်တွင်းပြည်ပမှ အစိုးရ မဟုတ်သော အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နိုင်ရန်။



(p) **Minister** means Minister for the Ministry of Agriculture and Irrigation;

(q) **Ministry** means the Ministry of Agriculture and Irrigation.

## CHAPTER II

## Objectives

3. The objectives of this Law are as follows:-

(a) to enable supporting the development of agricultural sector which is the basic economy of the State;

(b) to enable supervision and control the fertilizer business systematically;

(c) to enable growers to use fertilizer of quality in conformity with the specifications;

(d) to support the conservation of soil and environment by utilizing suitable fertilizer;

(e) to enable carrying out of educative and research works extensively for the systematic utilization of fertilizer by the agriculturalist;

(f) to cooperate with government departments and organizations, international organizations and local and foreign non-governmental organizations regarding fertilizer business.

## အခန်း (၃)

## မြေဩဇာ ကော်မတီ ဖွဲ့စည်းခြင်း

၄။ ဝန်ကြီးဌာနသည် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် -

(က) လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ဥက္ကဋ္ဌအဖြစ် လည်းကောင်း၊ မြန်မာ့စိုက်ပျိုးရေး လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးက အတွင်းရေးမှူးအဖြစ် လည်းကောင်း၊ သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းများ၏ အကြီးအကဲများနှင့် ကျွမ်းကျင်သူ ပညာရှင်များက အဖွဲ့ဝင်များ အဖြစ် လည်းကောင်း ပါဝင်သော မြေဩဇာကော်မတီကို ဖွဲ့စည်းရမည်။

(ခ) ပုဒ်မခွဲ(က)အရ ဖွဲ့စည်းသော မြေဩဇာကော်မတီကို အခါအား လျော်စွာ ပြင်ဆင်ဖွဲ့စည်း နိုင်သည်။

## အခန်း (၄)

## မြေဩဇာကော်မတီ၏ လုပ်ငန်းတာဝန်များ

၅။ မြေဩဇာကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) မြေဩဇာလုပ်ငန်းနှင့် စပ်လျဉ်း၍ မူဝါဒ ချမှတ်ခြင်း၊ လမ်းညွှန်ခြင်း၊

(ခ) မြေဩဇာ၏ စံချိန်စံညွှန်းကို သတ်မှတ်ခြင်း၊

(ဂ) ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်း လိုင်စင်ရယူရန် လိုအပ်သည့် မြေဩဇာ အလေးချိန်၊ ပမာဏကို သတ်မှတ်ခြင်း၊

(ဃ) မြေဩဇာလုပ်ငန်းနှင့် စပ်လျဉ်း၍ ပတ်ဝန်းကျင်ညစ်ညမ်းမှု ကင်းရှင်းစေရေး၊ လူနှင့် တိရစ္ဆာန်များကို အန္တရာယ်မဖြစ်စေရေးတို့အတွက် လိုအပ်သောညွှန်ကြားချက်များ ထုတ်ပြန်ခြင်း၊



## CHAPTER III

## Formation of the Fertilizer Committee

4. The Ministry, with the approval of the Government:-

(a) shall form the Fertilizer Committee comprising Deputy Minister for the Ministry of Agriculture and Irrigation as Chairman, Managing Director of Myanma Agriculture Service as Secretary, heads of the relevant government departments and organizations and experts as members;

(b) may reorganize from time to time the Fertilizer Committee formed under sub-section (a).

## CHAPTER IV

## Functions and Duties of the Fertilizer Committee

5. The functions and duties of the Fertilizer Committee are as follows:-

(a) laying down the policy and giving guidance relating to the fertilizer business;

(b) stipulating the specifications of the fertilizer;

(c) stipulating weight and volume of fertilizer required to obtain a licence for distribution and sale;

(d) issuing necessary directives to prevent environmental pollution and hazard to human beings and animals in respect of fertilizer business;

(င) မှတ်ပုံတင်လက်မှတ်ရရှိရန် လျှောက်ထားခြင်းနှင့် စပ်လျဉ်း၍ သတ်မှတ်ချက်များနှင့်အညီ စိစစ်ပြီး မှတ်ပုံတင်လက်မှတ် ထုတ်ပေးရန် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း၊

(စ) မှတ်ပုံတင်လက်မှတ်ကို ကာလအကန့်အသတ်ဖြင့် ဆိုင်းငံ့ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းနှင့် မှတ်ပုံတင်လက်မှတ် သက်တမ်းတိုးမြှင့်ပေးခြင်း၊

(ဆ) မှတ်ပုံတင်လက်မှတ် သက်တမ်း သတ်မှတ်ခြင်း၊

(ဇ) မြေသြဇာနှင့် စပ်လျဉ်း၍ သုတေသနလုပ်ငန်းများ ဆောင်ရွက်စေခြင်း၊

(ဈ) စိုက်ပျိုးသူများက မြေသြဇာကို စနစ်တကျသုံးစွဲကြစေရန် ပညာပေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(ည) မြေသြဇာလုပ်ငန်းများနှင့် စပ်လျဉ်း၍ အစိုးရဌာန၊ အဖွဲ့အစည်းများ၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ ပြည်တွင်းပြည်ပမှ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း။

၆။ မြေသြဇာကော်မတီသည် မိမိ၏လုပ်ငန်းတာဝန်များကို ထိရောက်စွာ ဆောင်ရွက်နိုင်ရန် -

(က) မြေသြဇာကော်မတီ၏ အတွင်းရေးမှူးအား အဖွဲ့ခေါင်းဆောင်အဖြစ် ပါဝင်စေလျက် သင့်လျော်သော ကျွမ်းကျင်သူ ပညာရှင်များဖြင့် မြေသြဇာဆိုင်ရာ နည်းပညာအဖွဲ့ကို ဖွဲ့စည်းပြီး ယင်းအဖွဲ့၏ တာဝန်များကို သတ်မှတ်ရမည်။

(ခ) သင့်လျော်သော ပုဂ္ဂိုလ်များဖြင့် လုပ်ငန်းဆိုင်ရာ ဆပ်ကော်မတီများကို ဖွဲ့စည်းပြီး ယင်းဆပ်ကော်မတီများ၏ တာဝန်များကို သတ်မှတ်ရမည်။



(e) granting or refusing to issue the registration certificate after scrutinizing according to the stipulations the application to obtain the registration certificate;

(f) suspending subject to a time limit or cancelling and renewal of the registration certificate;

(g) stipulating the tenure of registration certificate;

(h) causing research work relating to fertilizer to be conducted;

(i) carrying out educative works for the systematic utilization of fertilizer by growers;

(j) cooperating with the government departments and organizations, international organizations, local and foreign non-governmental organizations regarding fertilizer business.

6. The Fertilizer Committee shall, for enabling to carry out its functions and duties effectively:-

(a) form a Fertilizer Technical Body with suitable experts and the Secretary of the Fertilizer Committee as the leader of the Body and determine the duties thereof;

(b) form the sub-committees relating to work with suitable persons, and determine the duties of the said sub-committees.

## အခန်း (၅)

## မှတ်ပုံတင်လက်မှတ်

၇။ မြေသြဇာကို စီးပွားရေးအလို့ငှာ ထုတ်လုပ်ခြင်း၊ ပြည်တွင်းသို့ တင်သွင်းခြင်း သို့မဟုတ် ပြည်ပသို့ တင်ပို့ခြင်းလုပ်ငန်း လုပ်ကိုင်လိုသူသည် မှတ်ပုံတင်လက်မှတ် ရရှိရန် သတ်မှတ်ချက်များနှင့်အညီ မြေသြဇာကော်မတီသို့ လျှောက်ထားရမည်။

၈။ မြေသြဇာကော်မတီသည် -

(က) ပုဒ်မ ၇ အရ လျှောက်ထားချက်နှင့် စပ်လျဉ်း၍ သတ်မှတ်ချက်များနှင့် ညီမညီ မြေသြဇာဆိုင်ရာ နည်းပညာအဖွဲ့အား စစ်ဆေးတင်ပြစေရမည်။

(ခ) ပုဒ်မခွဲ (က)အရ တင်ပြချက်ကို စိစစ်ပြီး မှတ်ပုံတင်လက်မှတ် ထုတ်ပေးရန် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။ ခွင့်ပြုပါက စည်းကမ်းချက်များ သတ်မှတ်၍ လျှောက်ထားသူအား မှတ်ပုံတင်လက်မှတ် ထုတ်ပေးရမည်။

၉။ မှတ်ပုံတင်လက်မှတ် ရရှိသူသည် -

(က) ဤဥပဒေနှင့် ဤဥပဒေအရ ထုတ်ပြန်သော နည်းဥပဒေများ၊ လုပ်ထုံး လုပ်နည်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များနှင့် ညွှန်ကြားချက်များကို လိုက်နာရမည်။

(ခ) မှတ်ပုံတင်လက်မှတ်ပါ စည်းကမ်းချက်များကို လိုက်နာရမည်။

(ဂ) အရည်အသွေး အာမခံချက်၊ အမှတ်တံဆိပ်နှင့် စံချိန်စံညွှန်းတို့ကို သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ရမည်။



## CHAPTER V

## Registration Certificate

7. A person desirous of carrying out production, import or export of fertilizer for commercial purpose shall apply to the Fertilizer Committee in accordance with the stipulations in order to obtain the registration certificate.

8. The Fertilizer Committee-

(a) shall cause the Fertilizer Technical Body to examine the application made under section 7 as to whether or not it is in accordance with the stipulations and submit thereof;

(b) may grant or refuse to issue certificate after scrutinizing the submission made under sub-section (a). If granted, the registration certificate shall be issued to the applicant after prescribing conditions.

9. The registration certificate holder shall:-

(a) abide by this Law and the rules, procedures, notifications, orders and directives issued hereunder;

(b) abide by the conditions contained in the registration certificate;

(c) shall perform in accordance with the stipulations the quality assurance, label and specifications;

(ဃ) သက်ဆိုင်ရာ မန်နေဂျာနှင့် စစ်ဆေးရေးမှူးများက လာရောက် စစ်ဆေးသည့်အခါ စစ်ဆေးခြင်းကို ခံယူရမည်။

၁၀။ မှတ်ပုံတင်လက်မှတ်ရရှိသူသည် လုပ်ငန်းဆက်လက်လုပ်ကိုင်လိုလျှင် မှတ်ပုံတင်လက်မှတ် သက်တမ်းတိုးမြှင့်ပေးရန် သက်တမ်းမကုန်ဆုံးမီ အနည်းဆုံး ရက်ပေါင်း ၃၀ ကြိုတင်၍ သတ်မှတ်ချက်များနှင့်အညီ မြေသြဇာကော်မတီသို့ လျှောက်ထားရမည်။

၁၁။ မြေသြဇာကော်မတီသည် -

(က) ပုဒ်မ ၁၀ အရ လျှောက်ထားချက်ကို စိစစ်ပြီး သက်တမ်းတိုးမြှင့်ပေးရန် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

(ခ) ပုဒ်မခွဲ (က)အရ ခွင့်ပြုပါက လျှောက်ထားသူအား မှတ်ပုံတင်လက်မှတ် သက်တမ်း တိုးမြှင့် ပေးရမည်။

၁၂။ မှတ်ပုံတင်လက်မှတ် ရရှိသူသည် မှတ်ပုံတင်ခ၊ မှတ်ပုံတင်လက်မှတ် သက်တမ်း တိုးမြှင့်ခနှင့် ဓာတ်ခွဲစမ်းသပ် စစ်ဆေးခတို့ကို သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းသို့ ပေးသွင်းရမည်။

## **အခန်း (၆)**

## **လိုင်စင်**

၁၃။ (က) မြေသြဇာကို စီးပွားရေးအလို့ငှာ ပေါင်းစပ်ခြင်း၊ ရောနှောခြင်း၊ ပြန်လည် ထုပ်ပိုးခြင်း သို့မဟုတ် သိုလှောင်ခြင်းလုပ်ငန်း လုပ်ကိုင်လိုသူသည် လုပ်ငန်းလိုင်စင် ရရှိရန် သတ်မှတ်ချက်များနှင့်အညီ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းသို့ လျှောက်ထားရမည်။



(d) shall submit to the inspection of the relevant manager and inspectors when they come for inspection.

10. The registration certificate holder shall, if desirous of continuing the business, apply for its renewal to the Fertilizer Committee in accordance with the stipulations at least 30 days prior to the expiry of the tenure.

11. The Fertilizer Committee:-

(a) may, after scrutiny of the application made under section 10, permit or refuse the renewal;

(b) shall, if permitted under sub-section (a). renew the registration certificate.

12. The registration certificate holder shall subscribe the registration fees, renewal fees for registration certificate and laboratory analysis fees to the Myanma Agriculture Service in the prescribed manner.

## **CHAPTER VI**

## **Licence**

13. (a) A person desirous of doing the compounding, mixing, repackaging or storing business of fertilizer for commercial purpose shall, in accordance with the stipulations, apply to the Myanma Agriculture Service to obtain the business licence.

(ခ) မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းသည် ပုဒ်မခွဲ (က)အရ လျှောက်ထားချက်ကို စိစစ်ပြီး လိုင်စင်ထုတ်ပေးရန် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။ ခွင့်ပြုပါက စည်းကမ်းချက်များ သတ်မှတ်၍ လျှောက်ထားသူအား လိုင်စင်ထုတ်ပေးရမည်။

၁၄။ (က) မြေသြဇာကော်မတီက သတ်မှတ်သော အလေးချိန်၊ ပမာဏထက်ကျော်လွန်သည့် မြေသြဇာကို ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်း လုပ်ကိုင်လိုသူသည် လုပ်ငန်းလိုင်စင် ရရှိရန် သတ်မှတ်ချက်များနှင့်အညီ သက်ဆိုင်ရာ ပြည်နယ်၊ တိုင်းမန်နေဂျာထံ လျှောက်ထားရမည်။

(ခ) ပြည်နယ်၊ တိုင်း မန်နေဂျာသည် ပုဒ်မခွဲ (က)အရ လျှောက်ထားချက်ကို စိစစ်ပြီး လိုင်စင်ထုတ်ပေးရန် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။ ခွင့်ပြုပါက စည်းကမ်းချက်များ သတ်မှတ်၍ လျှောက်ထားသူအား လိုင်စင်ထုတ်ပေးရမည်။

၁၅။ လိုင်စင်ရရှိသူသည် -

(က) ဤဥပဒေနှင့် ဤဥပဒေအရ ထုတ်ပြန်သော နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များနှင့် ညွှန်ကြားချက်များကို လိုက်နာရမည်။

(ခ) လိုင်စင်ပါ စည်းကမ်းချက်များကို လိုက်နာရမည်။

(ဂ) သက်ဆိုင်ရာ မန်နေဂျာနှင့် စစ်ဆေးရေးမှူးများက လာရောက်စစ်ဆေးသည့်အခါ စစ်ဆေးခြင်းကို ခံယူရမည်။

၁၆။ မြေသြဇာကို ပေါင်းစပ်ခြင်း၊ ရောနှောခြင်း သို့မဟုတ် ပြန်လည်ထုပ်ပိုးခြင်း လုပ်ငန်းလိုင်စင် ရရှိသူသည် မြေသြဇာထုပ်ပိုး သို့မဟုတ် ထည့်သွင်းထားသည့် ပစ္စည်းပေါ်တွင် အောက်ပါအချက်များကို ဖော်ပြရမည် -



(b) The Myanma Agriculture Service may, after scrutiny of the application made under sub-section (a), grant or refuse to issue the licence. If granted, the licence shall be issued to the applicant after prescribing conditions.

14. (a) A person desirous of distribution and sale of fertilizer in excess of the weight and volume of fertilizer prescribed by the Fertilizer Committee shall, in accordance with the stipulations, apply to the State and Divisional Manager to obtain the business licence.

(b) The State and Divisional Manager may, after scrutiny of the application made under sub-section (a), grant or refuse to issue the licence. If granted, licence shall be issued to the applicant after prescribing conditions.

15. A licence holder shall-

(a) abide by this Law and the rules, procedures, notifications, orders and directives issued hereunder;

(b) abide by the conditions contained in the licence;

(c) shall submit to the inspection of the relevant manager and inspectors when they come for inspection.

16. A person holding the business licence of compounding, mixing or repackaging of fertilizer shall mention the following particulars on the package or bag of the fertilizer:

(က) အမှတ်တံဆိပ်၊

(ခ) မြေဩဇာ၏ အသားတင်အလေးချိန်၊

(ဂ) အရည်အသွေး အာမခံချက်၊

(ဃ) မြေဩဇာတွင် ပါဝင်သော အပင်အာဟာရ ရာခိုင်နှုန်း၊

(င) မြေဩဇာတွင် ပါဝင်သော ပေါင်းစပ်၊ ရောနှောသည့် ပစ္စည်းများ၏ အမည်နှင့် အချိုးအစား၊

(စ) သုံးစွဲရန် အညွှန်းစာ။

၁၇။ မြေဩဇာ သိုလှောင်ခြင်း သို့မဟုတ် ဖြန့်ဖြူးရောင်းချခြင်း လုပ်ငန်းလိုင်စင် ရရှိသူသည် ပုဒ်မ ၁၆ ပါ အချက်များ ဖော်ပြထားသော မြေဩဇာကိုသာ သိုလှောင်ခြင်း သို့မဟုတ် ဖြန့်ဖြူးရောင်းချခြင်း ပြုရမည်။

၁၈။ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းသည် မိမိထုတ်ပေးခွင့်ရှိသည့် လိုင်စင်နှင့် ပြည်နယ်၊ တိုင်း မန်နေဂျာက ထုတ်ပေးခွင့်ရှိသည့် လိုင်စင်များ၏ သက်တမ်းကို သတ်မှတ်ရမည်။

၁၉။ (က) မြေဩဇာပေါင်းစပ်ခြင်း၊ ရောနှောခြင်း၊ ပြန်လည်ထုတ်ပိုးခြင်း သို့မဟုတ် သိုလှောင်ခြင်း လုပ်ငန်းလိုင်စင်ရရှိသူသည် လုပ်ငန်းကို ဆက်လက်လုပ်ကိုင်လိုလျှင် လိုင်စင်သက်တမ်း တိုးမြှင့်ပေးရန် သက်တမ်းမကုန်ဆုံးမီ အနည်းဆုံး ရက်ပေါင်း ၃၀ ကြိုတင်၍ သတ်မှတ်ချက်များနှင့်အညီ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းသို့ လျှောက်ထားရမည်။

(ခ) မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းသည် ပုဒ်မခွဲ (က)အရ လျှောက်ထားချက်ကို စိစစ်ပြီး လိုင်စင်သက်တမ်း တိုးမြှင့်ပေးရန် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။



(a) label,

(b) net weight of the fertilizer,

(c) quality assurance,

(d) percentage of plant nutrient contained in the fertilizer,

(e) ingredients and ratio of ingredients compounded or mixed in the fertilizer,

(f) prescription for use.

17. A business licence holder for storage or distribution and sale of fertilizer shall store or distribute and sell only the fertilizer on which the particulars contained in section 16 are mentioned.

18. The Myanma Agriculture Service shall stipulate the tenure of the licences authorized to be issued by itself and the licence by the State and Divisional Manager.

19. (a) If a business licence holder for compounding, mixing, repackaging or storing of fertilizer is desirous of continuing the business, application shall be submitted to the Myanma Agriculture Service in accordance with the stipulations for renewal of licence at least 30 days prior to the expiry of the tenure.

(b) The Myanma Agriculture Service may, after scrutiny of the application made under sub-section (a), permit or refuse the renewal of the licence.

၂၀။ (က) မြေသြဇာ ဖြန့်ဖြူးရောင်းချခြင်း လုပ်ငန်းလိုင်စင်ရရှိသူသည် လုပ်ငန်းကို ဆက်လက် လုပ်ကိုင်လိုလျှင် လိုင်စင်သက်တမ်း တိုးမြှင့်ပေးရန် သက်တမ်းမကုန်ဆုံးမီ အနည်းဆုံး ရက်ပေါင်း ၃၀ ကြိုတင်၍ သတ်မှတ်ချက်များနှင့်အညီ သက်ဆိုင်ရာပြည်နယ်၊ တိုင်းမန်နေဂျာထံ လျှောက်ထားရမည်။

(ခ) သက်ဆိုင်ရာ ပြည်နယ်၊ တိုင်းမန်နေဂျာသည် ပုဒ်မခွဲ (က)အရ လျှောက်ထားချက်ကို စိစစ်ပြီး လိုင်စင်သက်တမ်း တိုးမြှင့်ပေးရန် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

၂၁။ မြေသြဇာ လုပ်ငန်းလိုင်စင်ရရှိသူသည် လိုင်စင်ခ၊ လိုင်စင်သက်တမ်းတိုးမြှင့်ခနှင့် ဓာတ်ခွဲစမ်းသပ် စစ်ဆေးခတို့ကို သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း သို့မဟုတ် သက်ဆိုင်ရာပြည်နယ်၊ တိုင်း မန်နေဂျာရုံးသို့ ပေးသွင်းရမည်။

## **အခန်း (၇)**

## **စစ်ဆေးရေးမှူးအဖြစ် တာဝန်ပေးအပ်ခြင်း**

၂၂။ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းသည် သင့်လျော်သော အရာရှိတစ်ဦးဦးအား စစ်ဆေးရေးမှူးအဖြစ် တာဝန်ပေးအပ်နိုင်သည်။

၂၃။ စစ်ဆေးရေးမှူး၏ တာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) မိမိအား တာဝန်ပေးအပ်သည့် နယ်မြေအတွင်း၌ မြေသြဇာ လုပ်ငန်းကို စစ်ဆေးခြင်း၊

(ခ) မြေသြဇာကို စံချိန်စံညွှန်းနှင့်ညီ မညီ စစ်ဆေးရန် မြေသြဇာ နမူနာကို ရယူခြင်း၊ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းနှင့် စစ်ဆေးတွေ့ရှိချက်ကို မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းသို့ တင်ပြခြင်း၊



20. (a) If a business licence holder for distribution and sale of fertilizer is desirous of continuing the business, application shall be submitted to the relevant State and Divisional Manager in accordance with the stipulations for the renewal of the licence at least 30 days prior to the expiry of the tenure.

(b) The relevant State and Divisional Manager may, after scrutiny of the application made under sub-section (a), permit or refuse the renewal of the licence.

21. A fertilizer business licence holder shall subscribe the licence fees, renewal licence fees and laboratory analysis fees to the Myanma Agriculture Service or relevant State and Divisional Office in the prescribed manner.

## **CHAPTER VII**

## **Assignment of Duty as the Inspector**

22. The Myanma Agriculture Service may assign duty to any suitable officer as inspector.

23. The duties of the inspector are as follows:-

(a) inspecting the fertilizer business in the area to which he has been assigned;

(b) obtaining the sample of the fertilizer to test as to whether or not the fertilizer conforms to the specifications, making laboratory analysis thereof, and submitting the result of its findings to the Myanma Agriculture Service;

(ဂ) မြေဩဇာကို စိုက်ပျိုးရေးလုပ်ငန်းတွင်သာ သုံးစွဲခြင်း ပြု မပြု စစ်ဆေးခြင်း၊

(ဃ) ဤဥပဒေပါ တားမြစ်ချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း စစ်ဆေးတွေ့ရှိပါက သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းသို့ တင်ပြခြင်း၊

(င) မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းက ပေးအပ်သည့် အခြားတာဝန်များကို ဆောင်ရွက်ခြင်း။

## အခန်း (၈)

## စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်း

၂၄။ စီမံခန့်ခွဲရေး ပြစ်ဒဏ်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ခွင့်ပြုထားသော မြေဩဇာလုပ်ငန်းကို ယာယီရပ်ဆိုင်းခြင်း၊

(ခ) ဒဏ်ကြေးငွေ ပေးဆောင်စေ၍ လိုအပ်ချက်များကို ပြုပြင်စေပြီး မြေဩဇာလုပ်ငန်းကို ဆက်လက်လုပ်ဆောင်ခွင့်ပြုခြင်း၊

(ဂ) မှတ်ပုံတင်လက်မှတ် သို့မဟုတ် လိုင်စင်ကို ကာလ အကန့်အသတ်ဖြင့် ဆိုင်းငံ့ခြင်း၊

(ဃ) မှတ်ပုံတင်လက်မှတ် သို့မဟုတ် လိုင်စင်ကို ပယ်ဖျက်ခြင်း။

၂၅။ မြေဩဇာကော်မတီသည် ပုဒ်မ ၉ ပါ တာဝန်တစ်ရပ်ရပ်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်သော မှတ်ပုံတင်လက်မှတ် ရရှိသူအား ပုဒ်မ ၂၄ ပါ စီမံခန့်ခွဲရေး ပြစ်ဒဏ်ချမှတ်ရမည်။ ထိုသို့ ချမှတ်ရာတွင် စီမံခန့်ခွဲရေး ပြစ်ဒဏ်တစ်ရပ်ရပ်ကိုဖြစ်စေ၊ တစ်ရပ်ထက်ပို၍ဖြစ်စေ ချမှတ်နိုင်သည်။



(c) inspecting as to whether or not the fertilizer is used only in agriculture;

(d) if it is found that any prohibition contained in this law has been violated, submitting to the Myanma Agriculture Service in the prescribed manner;

(e) performing other duties as are assigned by the Myanma Agriculture Service.

## CHAPTER VIII

## Taking Action by Administrative Means

24. The penalties of administrative action are as follows:-

(a) temporary suspension of the fertilizer business that has been granted;

(b) permitting to continue the fertilizer business after causing payment of fine and requirement to be made;

(c) suspending of registration certificate or licence subject to a time limit;

(d) cancellation of the registration certificate or licence.

25. The Fertilizer Committee shall impose the administrative penalty contained in section 24 on the registration certificate holder who fails to comply with any duty contained in section 9. In doing so, one or more of the administrative penalties may be imposed.

၂၆။ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းသည် အောက်ပါအချက် တစ်ရပ်ရပ်ကို စစ်ဆေး တွေ့ရှိလျှင် သက်ဆိုင်ရာလုပ်ငန်းလိုင်စင် ရရှိသူအား ပုဒ်မ ၂၄ ပါ စီမံခန့်ခွဲရေး ပြစ်ဒဏ်ချမှတ်ရမည်။ ထိုသို့ ချမှတ်ရာတွင် စီမံခန့်ခွဲရေး ပြစ်ဒဏ် တစ်ရပ်ရပ်ကိုဖြစ်စေ၊ တစ်ရပ်ထက်ပို၍ဖြစ်စေ ချမှတ်နိုင်သည် -

(က) မြေသြဇာ ပေါင်းစပ်ခြင်း၊ ရောနှောခြင်း၊ ပြန်လည်ထုပ်ပိုးခြင်း သို့မဟုတ် သိုလှောင်ခြင်း လုပ်ငန်းလိုင်စင် ရရှိသူက ပုဒ်မ ၁၅ ပါ တာဝန် တစ်ရပ်ရပ်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ခြင်း၊

(ခ) မြေသြဇာ ပေါင်းစပ်ခြင်း၊ ရောနှောခြင်း သို့မဟုတ် ပြန်လည် ထုပ်ပိုးခြင်း လုပ်ငန်း လိုင်စင် ရရှိသူက ပုဒ်မ ၁၆ ပါ တာဝန် တစ်ရပ်ရပ် ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ခြင်း၊

(ဂ) မြေသြဇာ သိုလှောင်ခြင်း လုပ်ငန်းလိုင်စင် ရရှိသူက ပုဒ်မ ၁၇ ပါ ပြဋ္ဌာန်းချက်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ခြင်း။

၂၇။ သက်ဆိုင်ရာ ပြည်နယ်၊ တိုင်းမန်နေဂျာသည် ပုဒ်မ ၁၅ နှင့် ပုဒ်မ ၁၇ တို့ပါ တာဝန် တစ်ရပ်ရပ်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်သော မြေသြဇာ ဖြန့်ဖြူး ရောင်းချခြင်းလုပ်ငန်း လိုင်စင်ရရှိသူအား ပုဒ်မ ၂၄ ပါ စီမံခန့်ခွဲရေး ပြစ်ဒဏ် ချမှတ်ရမည်။ ထိုသို့ ချမှတ်ရာတွင် စီမံခန့်ခွဲရေး ပြစ်ဒဏ် တစ်ရပ်ရပ် ကို ဖြစ်စေ၊ တစ်ရပ်ထက်ပို၍ ဖြစ်စေ ချမှတ်နိုင်သည်။

## အခန်း (၉)
## အယူခံခြင်း

၂၈။ (က) မြေသြဇာ ဖြန့်ဖြူးရောင်းချခြင်း လုပ်ငန်းလိုင်စင်နှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်နယ်၊ တိုင်းမန်နေဂျာက ချမှတ်သည့် အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို မကျေနပ်သူသည် ယင်းအမိန့် သို့မ ဟုတ် ဆုံးဖြတ်ချက်ကို လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း သတ်မှတ်ချက်များနှင့်အညီ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းသို့ အယူခံနိုင်သည်။



26. The Myanma Agriculture Service shall, on finding out any of the following facts during inspection, impose the administrative penalty contained in section 24 on the relevant business licence holder. In doing so, one or more of the administrative penalties may be imposed:-

(a) failing to comply with any duty contained in section 15 by the licence holder of compounding, mixing, repackaging or storing business of fertilizer;

(b) failing to comply with any duty contained in section 16 the licence holder of compounding, mixing or repackaging business of fertilizer;

(c) failing to comply with any provisions contained in section 17 by the licence holder of storage business of fertilizer.

27. The relevant State and Divisional Manager shall impose the administrative penalty contained in section 24 on the licence holder of distribution and sale business of fertilizer who fails to comply with any duty contained in sections 15 and 17. In doing so, one or more of the administrative penalties may be imposed.

## CHAPTER IX
## Appeals

28. (a) A person dissatisfied with the order or decision made by the relevant State and Divisional Manager in respect of the distribution and sale of fertilizer business licence may appeal, in accordance with the stipulations, to the Myanma Agriculture Service within 30 days from the date of the receipt of such order or decision;

(ခ) မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းသည် ပုဒ်မခွဲ (က)အရ အယူခံခြင်းနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်နယ်၊ တိုင်းမန်နေဂျာက ချမှတ်သည့် အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပယ်ဖျက်ခြင်း သို့မဟုတ် ပြင်ဆင်ခြင်း ပြုနိုင်သည်။

(ဂ) ပုဒ်မခွဲ (ခ)အရ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ် ဖြစ်စေရမည်။

၂၉။ (က) မြေဩဇာ ပေါင်းစပ်ခြင်း၊ ရောနှောခြင်း၊ ပြန်လည်ထုပ်ပိုးခြင်း သို့မဟုတ် သိုလှောင်ခြင်း လုပ်ငန်းလိုင်စင်နှင့် စပ်လျဉ်း၍ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းက ချမှတ်သည့် အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို မကျေနပ်သူသည် ယင်းအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း သတ်မှတ်ချက်များနှင့်အညီ မြေဩဇာကော်မတီသို့ အယူခံနိုင်သည်။

(ခ) မြေဩဇာကော်မတီသည် ပုဒ်မခွဲ (က)အရ အယူခံခြင်းနှင့် စပ်လျဉ်း၍ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းက ချမှတ်သည့် အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပယ်ဖျက်ခြင်း သို့မဟုတ် ပြင်ဆင်ခြင်း ပြုနိုင်သည်။

(ဂ) ပုဒ်မခွဲ (ခ)အရ မြေဩဇာကော်မတီ၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ် ဖြစ်စေရမည်။

၃၀။ (က) မှတ်ပုံတင်လက်မှတ်နှင့် စပ်လျဉ်း၍ မြေဩဇာကော်မတီက ချမှတ်သည့် အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို မကျေနပ်သူသည် ယင်းအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း သတ်မှတ်ချက်များနှင့်အညီ ဝန်ကြီးထံ အယူခံနိုင်သည်။

(ခ) ဝန်ကြီးသည် ပုဒ်မခွဲ (က)အရ အယူခံခြင်းနှင့် စပ်လျဉ်း၍ မြေဩဇာကော်မတီက ချမှတ်သည့် အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပယ်ဖျက်ခြင်း သို့မဟုတ် ပြင်ဆင်ခြင်း ပြုနိုင်သည်။



(b) Myanma Agriculture Service may confirm, cancel or revise the order or decision made by the relevant State and Divisional Manager in respect of the appeal made under sub- section (a);

(c) The decision of the Myanma Agriculture Service under sub-section (b) shall be final and conclusive.

29. (a) A person dissatisfied with the order or decision made by the Myanma Agriculture Service in respect of the business licence of compounding, mixing, repackaging or storing of fertilizer may appeal, in accordance with the stipulations, to the Fertilizer Committee within 30 days from the date of receipt of such order or decision;

(b) The Fertilizer Committee may confirm, cancel or revise the order or decision made by the Myanma Agriculture Service in respect of the appeal made under sub-section (a);

(c) The decision of the Fertilizer Committee under sub-section (b) shall be final and conclusive.

30. (a) A person dissatisfied with the order or decision made by the Fertilizer Committee in respect of the registration certificate may appeal, in accordance with the stipulations, to the Minister within 30 days from the date of the receipt of such order or decision;

(b) The Minister may confirm, cancel or revise the order or decision made by the Fertilizer Committee in respect of the appeal made under sub-section (a);

(ဂ) ပုဒ်မခွဲ (ခ)အရ ဝန်ကြီး၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ် ဖြစ်စေရမည်။

## အခန်း (၁၀)

## တားမြစ်ချက်များ

၃၁။ မည်သူမျှ မှတ်ပုံတင်လက်မှတ်မရှိဘဲ မြေသြဇာကို စီးပွားရေးအလို့ငှာ ထုတ်လုပ်ခြင်း၊ ပြည်တွင်းသို့ တင်သွင်းခြင်း သို့မဟုတ် ပြည်ပသို့ တင်ပို့ခြင်း မပြုရ။

၃၂။ မည်သူမျှ လိုင်စင်မရှိဘဲ မြေသြဇာကို စီးပွားရေးအလို့ငှာ ပေါင်းစပ်ခြင်း၊ ရောနှောခြင်း၊ ပြန်လည်ထုပ်ပိုးခြင်း၊ သိုလှောင်ခြင်း သို့မဟုတ် ဖြန့်ဖြူးရောင်းချခြင်း မပြုရ။

၃၃။ မည်သူမျှ မြေသြဇာအတုကိုဖြစ်စေ၊ မူလစံချိန်စံညွှန်းနှင့် ကိုက်ညီခြင်းမရှိသော မြေသြဇာကို ဖြစ်စေ ထုတ်လုပ်ခြင်း၊ သိုလှောင်ခြင်း သို့မဟုတ် ဖြန့်ဖြူးရောင်းချခြင်း မပြုရ။

၃၄။ မည်သူမျှ အဆိပ်ရှိပစ္စည်းများ ရောနှောပါဝင်သော မြေသြဇာကို ထုတ်လုပ်ခြင်း၊ သိုလှောင်ခြင်း သို့မဟုတ် ဖြန့်ဖြူးရောင်းချခြင်း မပြုရ။

၃၅။ မည်သူမျှ မြေသြဇာကို စိုက်ပျိုးရေးလုပ်ငန်းမှအပ အခြားနည်းသုံးစွဲခြင်း မပြုရ။



(c) The decision of the Minister under sub-section (b) shall be final and conclusive.

## CHAPTER X

## Prohibitions

31. No one shall, without the registration certificate, produce, import or export fertilizer for commercial purpose.

32. No one shall, without licence, do compounding, mixing, repackaging or storing of fertilizer for commercial purpose.

33. No one shall produce, store or distribute and sells fake fertilizer or fertilizer not in conformity with original specifications.

34. No one shall produce, store or distribute and sell of fertilizer mixed with toxic substances.

35. No one shall use the fertilizer in purposes other than agriculture.

## အခန်း (၁၁)

## ပြစ်မှုနှင့် ပြစ်ဒဏ်များ

၃၆။ မည်သူမဆို ပုဒ်မ ၃၁၊ ၃၂၊ ၃၃ သို့မဟုတ် ၃၄ ပါ တားမြစ်ချက်ကို ဖောက်ဖျက် ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူအား ထောင်ဒဏ် ၃ နှစ်အထိဖြစ်စေ၊ ငွေဒဏ်ကျပ် ၁၅၀၀၀၀ အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။ ထို့ပြင် ပြစ်မှုနှင့် သက်ဆိုင်သော သက်သေခံပစ္စည်းကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရန် အမိန့်ချ မှတ်ရမည်။

၃၇။ မည်သူမဆို ပုဒ်မ ၃၅ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူအား ထောင်ဒဏ် ၁ နှစ်အထိဖြစ်စေ၊ ငွေဒဏ်ကျပ် ၅၀၀၀၀ အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။ ထို့ပြင် ပြစ်မှုနှင့် သက်ဆိုင်သော သက်သေခံပစ္စည်းကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရန် အမိန့် ချမှတ်ရမည်။

၃၈။ တရားရုံးသည် ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းသော မြေသြဇာကို စီမံခန့်ခွဲရန် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းသို့ လွှဲပြောင်းပေးရမည်။

## အခန်း (၁၂)

## အထွေထွေ

၃၉။ ဤဥပဒေ ပြဋ္ဌာန်းသည့်နေ့တွင် မြေသြဇာလုပ်ငန်းတစ်ခုခုကို လုပ်ကိုင်နေသူသည် ယင်းလုပ်ငန်းကို ဆက်လက်လုပ်ကိုင်လိုပါက ဤဥပဒေ ပြဋ္ဌာန်းသည့်နေ့မှ ရက်ပေါင်း ၉၀ အတွင်း လိုအပ်သော မှတ်ပုံတင်လက်မှတ် သို့မဟုတ် လိုင်စင်ရယူရန် သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားရမည်။



## CHAPTER XI

## Offences and Penalties

36. Whoever violates any prohibition contained in sections 31, 32, 33 or 34 shall, on conviction, be punished with imprisonment for a term which may extend to 3 years or with fine which may extend to kyats 150,000 or with both. In addition, order shall be passed to confiscate the exhibits involved in the offence.

37. Whoever violates the prohibition contained in section 35 shall, on conviction, be punished with imprisonment for a term which may extend to one year or with fine which may extend to kyats 50,000 or with both. In addition, order shall be passed to confiscate the exhibits involved in the offence.

38. The Court shall transfer for disposal the fertilizer which is confiscated to Myanma Agriculture Service.

## CHAPTER XII

## Miscellaneous

39. If a person doing any fertilizer business on the date of promulgation of this Law is desirous of continuing the said business, he shall apply in accordance with the stipulations within 90 days from the date of promulgation of this Law, to obtain the necessary registration certificate of licence.

၄၀။ ဝန်ကြီးဌာနသည် မှတ်ပုံတင်ခ၊ လိုင်စင်ခ၊ သက်တမ်းတိုးမြှင့်ခနှင့် ဓာတ်ခွဲစမ်းသပ် စစ်ဆေးခတို့ကို သတ်မှတ်ရမည်။

၄၁။ ဝန်ကြီးဌာနသည် မြေဩဇာကို သုံးစွဲခြင်းနှင့် မြေဩဇာလုပ်ငန်းတစ်ခုခုအတွက် မှတ်ပုံတင် လက်မှတ် လျှောက်ထားခြင်း၊ လိုင်စင်လျှောက် ထားခြင်း၊ အခကြေးငွေ ပေးဆောင်ခြင်းတို့နှင့် စပ်လျဉ်း၍ အစိုးရဌာန၊ အဖွဲ့အစည်းတစ်ခုခုအား ကင်းလွတ်ခွင့် ပြုနိုင်သည်။

၄၂။ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းသည် ဤဥပဒေအရ ရရန်ရှိသော ဒဏ်ကြေးနှင့် အခကြေးငွေများကို ပေးဆောင်ရန် ပျက်ကွက်သူထံမှ ထိုဒဏ်ကြေးနှင့် အခကြေးငွေများကို မြေခွန်မပြေ ကျန်ငွေ ဖြစ်ဘိသကဲ့သို့ အရကောက်ခံရန် သက်ဆိုင်ရာ မန်နေဂျာ တစ်ဦးဦးအား တာဝန်ပေးအပ်ရမည်။

၄၃။ မှတ်ပုံတင်လက်မှတ် သို့မဟုတ် လိုင်စင်ကို ကာလအကန့်အသတ်ဖြင့် ဆိုင်းငံ့ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းခံရသူသည် မိမိလက်ဝယ်တွင်ရှိသော မြေဩဇာနှင့် စပ်လျဉ်း၍ မြေဩဇာကော်မတီ သို့မဟုတ် မြန်မာ့စိုက်ပျိုးရေး လုပ်ငန်းက ညွှန်ကြားသည့်အတိုင်း လိုက်နာဆောင်ရွက်ရမည်။

၄၄။ မြေဩဇာကို ပြည်တွင်းသို့ တင်သွင်းရန်ဖြစ်စေ၊ ပြည်ပသို့ တင်ပို့ရန်ဖြစ်စေ ပါမစ် သို့မဟုတ် လိုင်စင်ထုတ်ပေးရန် လျှောက်ထားလာပါက ပါမစ် သို့မဟုတ် လိုင်စင်ထုတ်ပေးပိုင်ခွင့်ရှိသော အစိုးရဌာန၊ အဖွဲ့အစည်းသည် မြန်မာ့ စိုက်ပျိုးရေးလုပ်ငန်း၏ ထောက်ခံချက်ကို လျှောက်လွှာနှင့်အတူ ပူးတွဲ တင်ပြနိုင်သူကိုသာ ပါမစ် သို့မဟုတ် လိုင်စင် ထုတ်ပေးနိုင်သည်။

၄၅။ ဤဥပဒေအရ တရားစွဲဆိုသော ပြစ်မှုများတွင် မြေဩဇာနှင့် စပ်လျဉ်း၍ မြန်မာ့စိုက်ပျိုးရေး လုပ်ငန်း၏ ဓာတ်ခွဲစမ်းသပ် စစ်ဆေးတွေ့ရှိချက် အစီရင်ခံစာသည် ယင်းပြစ်မှုအတွက် အပြီးသတ် သက်သေခံချက် ဖြစ်စေရမည်။



40. The Ministry shall prescribe the registration fees, the licence fees, the renewal fees and the laboratory analysis fees.

41. The Ministry may exempt any government department or organization in respect of the application of registration certificate, application of licence and subscription of fees for the use of fertilizer or any fertilizer business.

42. The Myanma Agriculture Service shall assign duty to any relevant Manager to recover the said fine and fees from the person who fails to subscribe the same as if they were arrears of land revenue.

43. A person whose registration certificate or licence has been suspended subject to a time limit or cancelled, shall comply with the directives of the Fertilizer Committee or the Myanma Agriculture Service in respect of the fertilizer in his possession.

44. If application is made to issue permit or licence to import or export fertilizer, the government department or organization authorized to issue such permit or licence may issue the permit or licence only to the person who submits the recommendation of the Myanma Agriculture Service attached to the application.

45. With regard to fertilizer in the offences prosecuted under this Law, the report of the findings of the laboratory analysis conducted by the Myanma Agriculture Service shall be final and conclusive evidence for the said offence.

၄၆။ ဤဥပဒေ ပုဒ်မ ၃၇ အရ တရားစွဲဆိုသော ပြစ်မှုကို မြန်မာနိုင်ငံ ရဲတပ်ဖွဲ့က အရေးယူနိုင်သော ပြစ်မှုအဖြစ် သတ်မှတ်သည်။

၄၇။ ဤဥပဒေအရ တရားစွဲဆိုသော ပြစ်မှုနှင့် သက်ဆိုင်သည့် သက်သေခံပစ္စည်းကို တရားရုံးရှေ့သို့ တင်ပို့ရန် လွယ်ကူခြင်းမရှိပါက ယင်းသက်သေခံပစ္စည်းကို တရားရုံးရှေ့သို့ တင်ပို့ခြင်းမပြုဘဲ မည်ကဲ့သို့ ထိန်းသိမ်းထားကြောင်းကို အစီရင်ခံစာ သို့မဟုတ် သက်ဆိုင်ရာ အခြားစာရွက်စာတမ်း အထောက်အထားများဖြင့် တင်ပြနိုင်သည်။ ယင်းသို့ တင်ပြခြင်းကို တရားရုံးရှေ့သို့ သက်သေခံပစ္စည်း တင်ပြဘိသကဲ့သို့ မှတ်ယူကာ သက်ဆိုင်ရာ တရားရုံးက ဥပဒေနှင့်အညီ စီမံခန့်ခွဲခြင်း ပြုနိုင်သည်။

၄၈။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင်-

(က) ဝန်ကြီးဌာနသည် လိုအပ်သော နည်းဥပဒေများနှင့် လုပ်ထုံးလုပ်နည်းများကို အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးဌာန၊ မြေဩဇာကော်မတီနှင့် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းတို့သည် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်နှင့် ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်သည်။

**(ပုံ) သန်းရွှေ**

**ဗိုလ်ချုပ်မှူးကြီး**

**ဥက္ကဋ္ဌ**

**နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ**



46. The offence prosecuted under section 37 of this Law is prescribed as the cognizable offence by Myanmar Police Force.

47. If an exhibit involved in any offence prosecuted under this Law is not easily produceable before the court, such exhibit need not be produced before the Court. However, a report or other relevant documentary evidence as to the manner of custody of the same may be submitted. Such submission shall be deemed as if it were a submission of the exhibit before the Court and the relevant Court may dispose of the same in accordance with law.

48. In implementing the provisions contained in this Law:-

(a) The Ministry may, with the approval of the Government issue such rules and procedures as may be necessary.

(b) The Ministry, the Fertilizer Committee and the Myanma Agriculture Service may issue such notifications, orders and directives, as may be necessary.

**(Sd.) Than Shwe**

**Senior General**

**Chairman**

**The State Peace and Development Council**